# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

## ဝဥ (Yams)

## ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## အမှတ်စဉ် (၀၀၁၄)

(HS-Code 071430)

Yams (Fresh, chilled, frozen or dried,whether or not sliced)



အပင်မှ ခူးဆွတ်ထားသော ဝဥ













March 2019

# ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## PRODUCT : 071430 Yams

## (Fresh, chilled, frozen or dried, whether or not sliced)

**(HS-Code 071430)**

**Yams (Fresh, chilled, frozen or dried, whether or not sliced)**


### ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်

ကမ္ဘာ့သွင်းကုန် ထိပ်တန်း (၅) နိုင်ငံ ၂၀၁၇


Fig 1 . Top 5 World importers in 2017

| Importers | Value Imported in 2017 (US$,000) | Quantity Imported in 2017(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| United States of America | 69166 | 44469 | 1555 | 43.4 |
| Canada | 27275 | 20288 | 1344 | 17.1 |
| Taipei, Chinese | 12338 | 2981 | 4139 | 7.7 |
| United Kingdom | 11410 | 12439 | 917 | 7.2 |
| Japan | 5781 | 1469 | 3935 | 3.6 |

Source : ITC TradeMap




Source : ITC TradeMap




Source : ITC TradeMap

၁။ ဖော်ပြပါ (HS-Code 071430) ဝဥအား ၂၀၁၇ ခုနှစ်တွင် အများဆုံး ဝယ်ယူခဲ့သော ကမ္ဘာ့ထိပ်တန်း ၅ နိုင်ငံမှာ အမေရိကန်၊ ကနေဒါ၊ တိုင်ပေ (တရုတ်)၊ အင်္ဂလန်နှင့် ဂျပန်နိုင်ငံတို့ဖြစ်ကြသည်ကို ITC Trade Map အရသိရှိရသည်။ အမေရိကန်နိုင်ငံ၏ ၂၀၁၇ ခုနှစ် သွင်းကုန်တန်ဖိုး စုစုပေါင်းမှာ ကန်ဒေါ်လာ ၆၉ ဒသမ ၁၆၆ သန်းရှိကာ ကမ္ဘာ့ဝဥဈေးကွက်၏ ဈေးကွက်ဝေစု ၄၃ ဒသမ ၄ ရာခိုင်နှုန်း ရရှိထားသည်။ ထို့နောက် ကနေဒါနိုင်ငံက သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၂၇ ဒသမ ၂၇၅ သန်း နှင့်ဈေးကွက်ဝေစု ၁၇ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ အလားတူ တိုင်ပေ (တရုတ်) ၊ အင်္ဂလန်နှင့် ဂျပန်တို့က ဈေးကွက်ဝေစု ၇ ဒသမ ၇ ရာခိုင်နှုန်း၊ ၇ ဒသမ ၂ ရာခိုင်နှုန်း၊ ၃ ဒသမ ၆ ရာခိုင်နှုန်းတို့ဖြင့် အစဉ်လိုက် ရပ်တည် လျက်ရှိကြသည်။ ကမ္ဘာ့ဝဥတင်သွင်းသည့် နိုင်ငံပေါင်း ၈၆ နိုင်ငံရှိပြီး ပေါက်ဈေးများကို နှိုင်းယှဉ်လေ့လာရာတွင် တိုင်ပေ (တရုတ်)က ဝယ်ယူသည့် ဈေးမှာ အမြင့်ဆုံး ဖြစ်၍ ဂျပန်က ဒုတိယ၊ အမေရိကန်က တတိယတို့ဖြစ်ကြသည်။

**မြန်မာ့ ဝဥ တင်ပို့သည့် ထိပ်တန်း (၃) နိုင်ငံ (၂၀၁၇)**

Fig 2 . Top 3 Importers of Myanmar in 2017

| Importer Countries | Value Imported in 2017 (US$,000) | Quantity Imported in 2017 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| China | 2041 | 1531 | 1333 | 96 |
| Japan | 79 | 39 | 2026 | 3.7 |
| Thailand | 7 | 9 | 778 | 0.3 |

Source : ITC TradeMap

၂။ ၂၀၁၇ ခုနှစ်တွင် မြန်မာ့ ဝဥအား အများဆုံး တင်ပို့ရောင်းချခဲ့သည့် နိုင်ငံများမှာ တရုတ် ၊ ဂျပန်နှင့် ထိုင်းတို့ ဖြစ်ကြသည်။

## ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ ဝဥ တင်ပို့မှု

၃။ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ ဝဥ တင်ပို့မှု ပမာဏနှင့် တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ ဝဥ တင်ပို့မှု တန်ဖိုးပြဇယား**

### Fig 3 . List of exporters for the selected product

Product: 071430 Yams "Dioscorea spp.", fresh, chilled, frozen or dried, whether or not sliced

Unit : US Dollar thousand

| Exporters | Exported value in 2013 | Exported value in 2014 | Exported value in 2015 | Exported value in 2016 | Exported value in 2017 |
|---|---|---|---|---|---|
| Jamaica | 0 | 22115 | 19406 | 25866 | 29504 |
| Japan | 19406 | 22834 | 21740 | 23568 | 22536 |
| United States of America | 13954 | 22182 | 20743 | 21896 | 21565 |
| China | 35920 | 46036 | 22223 | 29326 | 18281 |
| Myanmar | 311 | 6085 | 3961 | 3060 | 2127 |

Source : ITC TradeMap

မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၁၂) တွင်ရှိပါသည်။

**၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း မြန်မာနိုင်ငံက ပြည်ပသို့ ဝဥ တင်ပို့မှု ပမာဏပြဇယား**

### Fig 4 . List of exporters for the selected product (Direct)

Product: 071430 Yams "Dioscorea spp.", fresh, chilled, frozen or dried, whether or not sliced

| Exporters | 2013 Exported quantity, Tons | 2014 Exported quantity, Tons | 2015 Exported quantity, Tons | 2016 Exported quantity, Tons | 2017 Exported quantity, Tons |
|---|---|---|---|---|---|
| United States of America | 12879 | 17242 | 16591 | 17483 | 17089 |
| Ghana | 20693 | | | 20447 | 16255 |
| Jamaica | 0 | 10602 | 9130 | 12357 | 14578 |
| Costa Rica | 19114 | 18089 | 14001 | 14540 | 12884 |
| Myanmar | No Quantity | No Quantity | 2905 | 1537 | 1579 |

Source : ITC TradeMap

**မှုရင်းဇယားတွင် မြန်မာနိုင်ငံသည် အမှတ်စဉ် (၁၃) တွင်ရှိပါသည်။**

၄။ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ဝဉစျေးကွက်တွင် ဝဉတင်ပို့သောနိုင်ငံ ၆၉ နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် ပမာဏအားဖြင့် တင်ပို့မှုတွင် အဆင့် ၁၃ ၊ တန်ဖိုးအားဖြင့် တင်ပို့မှုတွင် အဆင့် ၁၂ နေရာတွင်ရှိနေပါသည်။

## အာရှထိပ်တန်း (၅) နိုင်ငံ (၂၀၁၇)

Fig 5 . Top 5 Asia Importers in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| Taipei, Chinese | 12338 | 2981 | 7.7 |
| Japan | 5781 | 1469 | 3.6 |
| Singapore | 5459 | 4047 | 3.4 |
| Malaysia | 4192 | 5606 | 2.6 |
| United Arab Emirates | 2373 | 7540 | 1.5 |

Source : ITC TradeMap


၅။ လေ့လာနေသော ဝဉကို အာရှနိုင်ငံများအနက် အများဆုံး ဝယ်ယူလျက်ရှိသော နိုင်ငံများမှာ တိုင်ပေ (တရုတ်)၊ ဂျပန်၊ စင်ကာပူ၊ မလေးရှားနှင့် ယူအေအီးနိုင်ငံတို့ဖြစ်ကြသည်။ တိုင်ပေ(တရုတ်) သည် ၂၀၁၇ ခုနှစ်တွင် သွင်းကုန်တန်ဘိုး ကန်ဒေါ်လာ ၁၂ ဒသမ ၃၃၈ သန်းဖိုးနှင့် အရေအတွက် ၂၉၈၁ တန်ဖြင့် အများဆုံးဝယ်ယူခဲ့ပြီး ဂျပန်က သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၅ ဒသမ ၇၈၁ သန်းဖိုးနှင့် အရေအတွက် ၁၄၆၉ တန်ဖြင့် ဒုတိယအများဆုံး ဝယ်ယူလျက်ရှိကြောင်းတွေ့ရ သည်။ ထို့နောက် စင်ကာပူ၊ မလေးရှားနှင့် ယူအေအီးတို့က အစဉ်လိုက် ရပ်တည်လျက်ရှိကြသည်။

## ကမ္ဘာ့ပို့ကုန်ထိပ်တန်း (၅) နိုင်ငံ (၂၀၁၇)


Fig 6. Top 5 World exporters in 2017

| Exporter Countries | Value Exported in 2017 (US$,000) | Quantity Exported in 2017 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|
| Jamaica | 29504 | 14578 | 2024 | 21.6 |
| Japan | 22536 | 4662 | 4834 | 16.5 |
| United States of America | 21565 | 17089 | 1262 | 15.8 |
| China | 18281 | 8803 | 2077 | 13.4 |
| Costa Rica | 10520 | 12884 | 817 | 7.7 |

Source : ITC TradeMap




Source : ITC TradeMap




Source : ITC TradeMap

၆။ ၂၀၁၇ ခုနှစ်တွင် ဝဥ (HS.Code 071430) အား တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၅ နိုင်ငံမှာ ဂျမေကာ၊ ဂျပန်၊ အမေရိကန်၊ တရုတ်နှင့် ကော့စတာရီကာ တို့ဖြစ်ကြသည်။ ဂျမေကာသည် ကန်ဒေါ်လာ ၂၉ ဒသမ ၅၀၄ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက် ဝေစု ၂၁ ဒသမ ၆ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်ကိုတွေ့ရသည်။ ဒုတိယနေရာရှိ ဂျပန်ကလည်း ကန်ဒေါ်လာ ၂၂ ဒသမ ၅၃၆ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၆ ဒသမ ၅ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် အမေရိကန်၊ တရုတ်နှင့် ကော့စတာရီကာတို့က အစဉ်လိုက် ရှိကြသည်။ ဈေးနှုန်းအနေနှင့် ဂျပန်က အမြင့်ဆုံးဖြစ်ပြီး တရုတ်က ဒုတိယနှင့် ဂျမေကာ၊ အမေရိကန်၊ ကော့စတာရီကာတို့က အစဉ် လိုက်ရှိကြသည်။ ကမ္ဘာ့ဝဥ တင်ပို့သောနိုင်ငံ (၆၀) နိုင်ငံရှိပြီး မြန်မာနိုင်ငံကအဆင့် (၁၂) နေရာတွင် ရှိသည်။

## EU နိုင်ငံများမှ ဝဥ တင်သွင်းမှု

၇။ ၂၀၁၇ ခုနှစ်တွင် ဝဥအများဆုံး တင်သွင်းခဲ့သော EUထိပ်တန်း (၃) နိုင်ငံမှာ အင်္ဂလန်၊ ပြင်သစ်နှင့် နယ်သာလန်စ်တို့ဖြစ်ကြပြီး ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ် (၅) နှစ်တာကာလ အတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှု ရာခိုင်နှုန်းနှင့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် (၂) နှစ်တာကာလ အတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

Fig 7. *Top Three EU Importers with the Biggest Growth in value Between 2013 and 2017*

| *Importers* | *Annual growth in value between 2013-2017(%)* | *Annual growth in value between 2016-2017(%)* |
|---|---|---|
| United Kingdom | -4 | -7 |
| France | -10 | -12 |
| Netherlands | -17 | 362 |

Source : ITC TradeMap

၈။ ဝဥအများဆုံး တင်သွင်းသော EUထိပ်တန်း (၃) နိုင်ငံ၏ ၂၀၁၇ ခုနှစ်အတွက် တင်သွင်းမှု ပမာဏနှင့် တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစုအခြေအနေများကို အောက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည် -

**Fig 8. Top Three yams Importers of EU in 2017**

| Top Three Importers of EU in 2017 | Select your indicators | | | |
|---|---|---|---|---|
| | Value imported in 2017 (USD thousand) | Quantity imported in 2017 | Unit value (USD/unit) | Share in world imports (%) |
| European Union (EU 28) Aggregation | 25758 | 26634 | 967 | 16.2 |
| United Kingdom | 11410 | 12439 | 917 | 7.2 |
| France | 4307 | 4236 | 1017 | 2.7 |
| Netherlands | 3736 | 3599 | 1038 | 2.3 |

Source : ITC TradeMap

၉။ ၂၀၁၇ ခုနှစ်တွင် EU နိုင်ငံများအနေနှင့် ဝဥ တင်သွင်းမှု ပမာဏသည် ၂၆၆၃၄ တန်ဖြစ်ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၂၅ ဒသမ ၇၅၈ သန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက်၏ ၁၆ ဒသမ ၂ ရာခိုင်နှုန်းဈေးကွက်ဝေစုရယူထားပါသည်။

## သွင်းကုန်ခွန်လေ့လာချက်

၁၀။ အခွန်စည်းကြပ်မှုကို လေ့လာရာတွင် တရုတ်နိုင်ငံက MFN duties သုညဒသမ ၁၃ ရာခိုင်နှုန်း၊ ASEAN Countries နှင့် 3 LDC Countries တို့အတွက် သုညရာခိုင်နှုန်း၊ ဂျပန်က MFN duties သုည ဒသမ ၁၂ ရာခိုင်နှုန်း၊ LDC Countries အတွက် သုညရာခိုင်နှုန်း၊ ASEAN Countries အတွက် သုညဒသမ ၀၁၁ ရာခိုင်နှုန်း၊ ကနေဒါက MFN duties သုည ရာခိုင်နှုန်း အင်္ဂလန်၊ ပြင်သစ်နှင့် နယ်သာလန်တို့က LDC Countries အတွက် သုညရာခိုင်နှုန်း၊ MFN duties 100 ကီလိုဂရမ်ကို ၉ ဒသမ ၅ ယူရိုနှုန်း သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

### Tariff Rate of fresh, chilled, frozen or dried Yams

| Partner | Tariff regime | Applied tariff (as reported) |
|---|---|---|
| Taipei Chinese | MFN duties (Applied) | 0 |
| Japan | MFN duties (Applied) | 0.12 |
| | Preferential tariff for Least Developed Countries | 0 |
| | Preferential tariff for ASEAN countries | 0.011 |
| China | MFN duties (Applied) | 0.13 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for 3 Least Developed Countries | 0 |
| United Kingdom | Preferential tariff for Least Developed Countries | 0 |
| | MFN duties (Applied) | 9.5 EUR/100 kg |
| France | Preferential tariff for Least Developed Countries | 0 |
| | MFN duties (Applied) | 9.5 EUR/100 kg |
| Netherlands | Preferential tariff for Least Developed Countries | 0 |
| | MFN duties (Applied) | 9.5 EUR/100 kg |
| Canada | MFN duties (Applied) | 0 |

**Source: Market Access Map**

## အလားအလာရှိသောဈေးကွက်တစ်ခုစီလေ့လာချက်

### တရုတ် ဈေးကွက်

Fig 9 . Top 5 world exporters to China in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| Myanmar | 2041 | 1531 | 100 |
| Japan | - | - | - |
| Malaysia | - | - | - |
| USA | - | - | - |
| Canada | - | - | - |

Source : ITC TradeMap

### ဂျပန်ဈေးကွက်

Fig 10 . Top 5 world exporters to Japan in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| China | 6590 | 1933 | 91.2 |
| Viet Nam | 555 | 0 | 7.7 |
| Myanmar | 79 | 39 | 1.1 |
| Ghana | 2 | 5 | 0 |
| Philippines | 1 | 0 | 0 |

Source : ITC TradeMap

### ထိုင်းဈေးကွက်

Fig 11 . Top 5 world exporters to Thailand in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| China | 482 | 80 | 94.1 |
| Japan | 23 | 4 | 4.5 |
| Myanmar | 7 | 9 | 1.4 |
| Singapore | - | - | - |
| Malaysia | - | - | - |

Source : ITC TradeMap

**ကနေဒါ ဈေးကွက်**

Fig 12 . Top 5 world exporters to Canada in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| United State of America | 19333 | 15571 | 70.9 |
| Jamaica | 3050 | 1403 | 11.2 |
| China | 2720 | 1805 | 10 |
| Ghana | 1543 | 1178 | 5.7 |
| Philippines | 162 | 0.6 | 62 |

Source : ITC TradeMap

**တရုတ်(ထိုင်ပေ)ဈေးကွက်**

Fig 13 . Top 5 world exporters to Chinese in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share % |
|---|---|---|---|
| Japan | 10726 | 2417 | 86.9 |
| China | 1496 | 485 | 12.1 |
| Viet Nam | 115 | 79 | 0.9 |
| Hong Kong, China | - | - | - |
| United State of America | - | - | - |

Source : ITC TradeMap

## မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံးဈေးကွက်များရွေးချယ်ခြင်း

၁၁။ ကမ္ဘာပေါ်တွင် ဝဥအများဆုံး တင်သွင်းသော ထိပ်တန်းနိုင်ငံများကို လေ့လာရာတွင် အမေရိကန်နိုင်ငံသည် ကမ္ဘာ့အများဆုံးဝဥဝယ်ယူသောနိုင်ငံဖြစ်ပြီး၊ တကမ္ဘာလုံး၏ ဈေးကွက်ဝေစု ၄၃ ဒသမ ၄ ရာခိုင်နှုန်းရရှိထားသည်။ ဒုတိယအနေဖြင့် ကနေဒါဖြစ်ပြီး ဈေးကွက်ဝေစု ၁၇ ဒသမ ၁ ရာခိုင်နှုန်းရရှိနေသည်။ ယင်းနောက်တွင် တိုင်ပေ (တရုတ်)၊ အင်္ဂလန်၊ ဂျပန်၊ စင်ကာပူ၊ ပြင်သစ်၊ မလေးရှား၊ နယ်သာလန်နှင့် ဘယ်ဂျီယမ်တို့ကအစဉ်လိုက်ရှိကြောင်းတွေ့ရှိရသည်။ မြန်မာနိုင်ငံမှ ဝဥများကို ယခုလက်ရှိအချိန်တွင် အများဆုံးတင်ပို့နေသော နိုင်ငံများမှာ တရုတ်၊ ဂျပန်၊ ထိုင်း

တို့ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် မြန်မာ့ဝဥများကို အများဆုံးဝယ်ယူသော နိုင်ငံမှာ တရုတ်ဖြစ်ပြီး ဈေးကွက်ဝေစု ၉၆ ရာခိုင်နှုန်းရရှိနေသည်။ ဒုတိယနေရာတွင် ဂျပန်ရှိနေပြီး ဈေးကွက်ဝေစု ၃ ဒသမ ၇ ရာခိုင်နှုန်း၊ ထိုင်းကဈေးကွက်ဝေစု သုညဒသမ ၃ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ထိပ်တန်းပို့ကုန်စာရင်းတွင် မဝင်သော်လည်း တရုတ်သို့ တင်ပို့မှုသည် အဆင့် (၁)၊ ထိုင်းနှင့်ဂျပန်သို့တင်ပို့မှုတွင် အဆင့် (၃) နေရာများတွင် စာရင်းဝင်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ဝဥ ဝယ်ယူသော ထိပ်တန်း (၁၀) နိုင်ငံ စာရင်းတွင်မပါဝင်သော်လည်း တရုတ်သို့ ဝဥတင်သွင်းသောနိုင်ငံစာရင်းတွင် မြန်မာမှအဆင့် (၁)တွင်ရှိနေ သဖြင့်လက်ရှိဈေးကွက် တရုတ်သို့ ဈေးကွက်ချဲ့ထွင်ရန်လိုအပ်ပါသည်။ မြန်မာ့ဝဥကို ဒုတိယအများဆုံး ဝယ်ယူလျက်ရှိသည့် ဂျပန်သည် တကမ္ဘာလုံးတွင် ဝယ်လိုအား အဆင့် (၅) နေရာတွင် ရှိနေသဖြင့် ဈေးကွက်တိုးချဲ့သင့်ပါသည်။ ထိုင်းနိုင်ငံသည် ဈေးကွက်ရှိပြီးသား ဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံလည်း ဖြစ်သည့်အတွက် ဈေးကွက်တိုးချဲ့သင့်ပါသည်။ ကနေဒါနှင့် တိုင်ပေ(တရုတ်)တို့သည်လည်း ကမ္ဘာ့ထိပ် တန်းဝယ်ယူသောနိုင်ငံများဖြစ်ပြီးဝယ်ဈေးမြင့်ခြင်း၊ MFN duties သုညရာခိုင်နှုန်း ပေးထားခြင်းတို့ကြောင့် ဈေးကွက်ထိုးဖောက်နိုင်ရန်ကြိုးပမ်းသင့်ပါသည်။